# ၁၉၅၃ ခုနှစ်၊ ဟော်တယ်နှင့် ပျော်ပွဲစားရုံခွန် (ပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၃ ခုနှစ်၊ အက်ဥပဒေ အမှတ် ၆၆။]

အောက်ပါအတိုင်းအက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤအက်ဥပဒေကို ၁၉၅၃ ခုနှစ်၊ ဟော်တယ်နှင့် ပျော်ပွဲစားရုံခွန် (ပြင်ဆင်ချက်) အက်ဥပဒေဟုခေါ်ရမည်။

(၂) ဤအက်ဥပဒေသည် နိုင်ငံတော်သမ္မတ က၊ အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်နေ့ရက်တွင် စတင်အာဏာတည်ရမည်။

၂။ ။နောက်တွင် အဆိုပါအက်ဥပဒေဟုရည်ညွှန်းသည့် ၁၉၄၉ ခုနှစ်၊ ဟော်တယ်နှင့်ပျော်ပွဲစားရုံခွန်အက်ဥပဒေပုဒ်မ ၂ တွင် အောက်ပါကို အပိုဒ် (ဇ) အဖြစ်ဖြင့်ထည့်သွင်းရမည်။

"(ဇ) 'မင်းကြီး' ဆိုသည်မှာ ကုန်သွယ်လုပ်ငန်းခွန်မင်းကြီးကို ဆိုလိုသည်။"

၃။ ။အဆိုပါအက်ဥပဒေပုဒ်မ ၃ တွင်—

(က) ရှိရင်းပုဒ်မ ၃ ကို ပုဒ်မခွဲ (၁) အဖြစ်ဖြင့်အမှတ်စဉ်ရမည်။

(ခ) အောက်ပါကို ပုဒ်မခွဲ (၂) အဖြစ်ဖြင့်ထည့်သွင်းရမည်။

"(၂) ဤအက်ဥပဒေပါ ကိစ္စအလို့ငှါ၊ ဟော်တယ်၊ သို့တည်းမဟုတ် ပျော်ပွဲစားရုံတခုခုသည်၊ လိုင်စင်ယူရန် လို မလိုဟူသောပြဿနာပေါ်ပေါက်လျှင်၊ မင်းကြီးသည် ထိုပြဿနာကိုဆုံးဖြတ်ရမည်။ မင်းကြီး၏ဆုံးဖြတ်ချက်သည်အပြီးအပြတ်အတည်ဖြစ်ရမည်။"

၄။ ။အဆိုပါ အက်ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (၂) အစား အောက်ပါတို့ကို ပုဒ်မခွဲ (၂)၊ (၃)၊ (၄) နှင့် (၅) အဖြစ်ဖြင့်ထည့်သွင်းရမည်။

"(၂) လိုင်စင်မယူဘဲဖွင့်ထားသောဟော်တယ်သည်၊ သို့တည်းမဟုတ် ပျော်ပွဲစားရုံသည်၊ ပုဒ်မ ၄၊ ပုဒ်မခွဲ (၁) အရ လိုင်စင်ယူရန်လိုသည်ဟုမင်းကြီးကဆုံးဖြတ်လျှင်၊ ထိုဟော်တယ်၏၊ သို့တည်းမဟုတ် ပျော်ပွဲစားရုံ၏ပိုင်ရှင်သည်၊ ထိုဟော်တယ်ကို၊ သို့တည်းမဟုတ် ပျော်ပွဲစားရုံကိုဖွင့်သည့်နေ့မှစ၍ ကိုက်သင့်ကျရှိသောအခွန်ကိုပေးရမည်။

(၃) ပုဒ်မခွဲ (၁) အရပေါက်ခံသောအခွန်နှင့်ပုဒ်မခွဲ (၂) အရပေးရမည့်အခွန်ကို၊ ပိုင်ရှင်က အစိုးရအား နိုင်ငံတော်သမ္မတကပြဋ္ဌာန်းသော နည်းလမ်းအတိုင်းပေးရမည်။

အတိုး—၁၀ ပြား]

ခြွင်းချက်။ ။သို့ရာတွင် ပိုင်ရှင်သည်၊တည်းခိုစားသုံးသူတို့အားပြေစာများ ထုတ်ပေးခြင်းကို၊ သို့တည်းမဟုတ် လုပ်ငန်းဆိုင်ရာ စာရင်းအင်းများ စနစ်တကျထားရှိခြင်းကိုမပြုလျှင်၊ ထိုသို့မပြုခဲ့သော နေ့ရက်များတွင် ပိုင်ရှင်ကတောင်းဆိုသင့်သည့်အခွန်အခများကို ပုဒ်မ ၁၁ အရခန့်ထားခြင်း ခံရသောမည်သည့်အရာရှိကမဆို မိမိသဘောအတိုင်း သင့်လျော်သော အခွန်အခကို ဆုံးဖြတ်၍ ထိုအခွန်အခအပေါ်တွင်အခွန်စည်းကြပ်ရမည်။ ထိုအရာရှိသည်၊ ဤကဲ့သို့ဆုံးဖြတ်ခြင်းမပြုမီ၊ပိုင်ရှင်အားချေပပြောဆိုခွင့်ပေးရမည်။

(၄) တည်းခိုစားသုံးသူထံမှထိုက်သင့်ကျရှိသော အခွန်ကိုကောက်ခံရန် ပျက်ကွက်လျှင်၊ပိုင်ရှင်သည်၊ထိုအခွန်ကိုပေးဆောင်ရမည်။ ထိုပေးဆောင်ခြင်းသည်၊ ဤအက်ဥပဒေအရ ထိုက်သင့်သောပြစ်ဒဏ်အပြင်ပေးဆောင်ခြင်းဖြစ်စေရမည်။

(၅) လူတဦးတယောက်သည်၊ဥပစာတခု၏အတွင်း၌သော်၎င်း၊ ပြင်ပ၌သော်၎င်း၊ နေရာခွဲခြားသတ်မှတ်၍၊ထိုနေရာများတွင်စားဘွယ်သောက်ဘွယ်များကို အခြားသူအမည်နှင့် ရောင်းချနေသည်ဟု ယူဆရန် လုံလောက်သောအကြောင်းရှိလျှင်၊မင်းကြီးက၊ ထိုသူသည်၊ ထိုသို့နေရာခွဲခြားရောင်းချနေသည့်ဆိုင်ခွဲများ၏ စီမံအုပ်ချုပ်သူဖြစ်သည်ဟုအဘယ်ကြောင့်မဆုံးဖြတ်ထိုက်ကြောင်း ချေပရန်၊ထိုသူအားဆင့်ဆိုနိုင်သည်။ မင်းကြီးသည်၊ထိုသူ၏ချေပချက်ကိုမကျေနပ်လျှင်သော်၎င်း၊မိမိသင့်သည်ဟုထင်မြင်သည့်အတိုင်း စုံစမ်းစစ်ဆေး၍ သင့်တော်သည့်ဆုံးဖြတ်ချက် ချမှတ်နိုင်သည်။ မင်းကြီး၏ဆုံးဖြတ်ချက်သည်အပြီးအပြတ်အတည်ဖြစ်ရမည်။''

၅။ ။အဆိုပါအက်ဥပဒေပုဒ်မ ၇ တွင်အောက်ပါ ခြွင်းချက်ကို ထည့်သွင်းရမည်။

"ခြွင်းချက်။ ။သို့ရာတွင်—

(၁) ပဌမအကြိမ်ကျူးလွန်သည့်ပြစ်မှုဖြစ်လျှင်၊ အဆိုပါထောင်ဒဏ်သည်၊ တလအောက်မနည်းစေရ။ ငွေဒဏ်သည်၊ ကျပ်တရာအောက်မနည်းစေရ။

(၂) ဒုတိယအကြိမ် ကျူးလွန်သည့်ပြစ်မှုဖြစ်လျှင်၊ အဆိုပါထောင်ဒဏ်သည်၊ နှစ်လအောက်မနည်းစေရ။ ငွေဒဏ်သည်၊ကျပ်နှစ်ရာအောက်မနည်းစေရ။

(၃) တတိယအကြိမ်ကျူးလွန်သည့် ပြစ်မှုဖြစ်လျှင်၊ အဆိုပါထောင်ဒဏ်သည်၊ လေးလအောက်မနည်းစေရ။ ငွေဒဏ်သည်၊ကျပ်လေးရာအောက်မနည်းစေရ။

(၄) စတုတ္ထအကြိမ်ကျူးလွန်သည့်ပြစ်မှုဖြစ်လျှင်၊အဆိုပါထောင်ဒဏ်သည်၊ ရှစ်လအောက်မနည်းစေရ။ ငွေဒဏ်သည်၊ကျပ်ရှစ်ရာအောက်မနည်းစေရ။

(၅) ပဥ္စမအကြိမ်၊ သို့တည်းမဟုတ် နောက်အကြိမ် ကျူးလွန်သည့် ပြစ်မှုဖြစ်လျှင်၊အဆိုပါထောင်ဒဏ်သည်၊တနှစ်အောက်မနည်း စေရ။ ငွေဒဏ်သည်၊ကျပ်တထောင်အောက်မနည်းစေရ။''

၆။ ။အဆိုပါအက်ဥပဒေ ပုဒ်မ ၉၊ ပုဒ်မခွဲ (၁) တွင် အောက်ပါခြွင်းချက်ကို ထည့်သွင်းရမည်။

''ခြွင်းချက်။ ။သို့ရာတွင်—

(၁) ပဌမအကြိမ်ကျူးလွန်သည့်ပြစ်မှုဖြစ်လျှင်၊ အဆိုပါထောင်ဒဏ် သည်၊ တလအောက်မနည်းစေရ။ ငွေဒဏ်သည်၊ကျပ်တရာ အောက်မနည်းစေရ။

(၂) ဒုတိယအကြိမ်ကျူးလွန်သည့်ပြစ်မှုဖြစ်လျှင်၊အဆိုပါထောင်ဒဏ် သည်၊ နှစ်လအောက် မနည်းစေရ။ ငွေဒဏ်သည်၊ကျပ်နှစ်ရာ အောက်မနည်းစေရ။

(၃) တတိယအကြိမ်ကျူးလွန်သည့်ပြစ်မှုဖြစ်လျှင်၊ အဆိုပါထောင် ဒဏ်သည်၊ လေးလအောက်မနည်းစေရ။ ငွေဒဏ်သည်၊ကျပ် လေးရာအောက်မနည်းစေရ။

(၄) စတုတ္ထအကြိမ် ကျူးလွန်သည့်ပြစ်မှုဖြစ်လျှင်၊ အဆိုပါထောင် ဒဏ်သည်၊ရှစ်လအောက်မနည်းစေရ။ ငွေဒဏ်သည်၊ ကျပ် ရှစ်ရာအောက်မနည်းစေရ။

(၅) ပဥ္စမအကြိမ်၊ သို့တည်းမဟုတ် နောက်အကြိမ်ကျူးလွန်သည့် ပြစ်မှုဖြစ်လျှင်၊ အဆိုပါထောင်ဒဏ်သည်၊ တနှစ်အောက် မနည်းစေရ။ ငွေဒဏ်သည်၊ ကျပ်တထောင်အောက် မနည်း စေရ။''

၇။ ။အဆိုပါအက်ဥပဒေပုဒ်မ ၁၂ တွင်—

(က) ပုဒ်မခွဲ (၁)၌ '' ဆိုင်ကနွားတွင်းသို့မဆိုဖြစ်စေ '' ဆိုသည့် စကားရပ်နောက်၌''ဟော်တယ်နှင့်၊သို့တည်းမဟုတ် ပျော်ပွဲစား ရုံနှင့် သက်ဆိုင်သော စာရင်းအင်း၊ ငွေစာရင်းစာအုပ်၊စာမှတ် စာတမ်းများထားရှိရာ မည်သည့် အဆောက်အဦတွင်းသို့မဆို ဖြစ်စေ ''ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

(ခ) အောက်ပါကို ပုဒ်မခွဲ (၂) အဖြစ်ဖြင့်ထည့်သွင်းရမည်။

'' (၂) ပိုင်ရှင်သည်၊ ဤအက်ဥပဒေအရ ထိုက်သင့်ကျရှိသော အခွန်တော်ကို တိမ်းရှောင်ရန် အားထုတ်နေသည်ဟုသက်သ မကင်းရန် လုံလောက်သောအကြောင်းရှိလျှင်၊ မင်းကြီး သည်၊ ထိုအကြောင်းကိုရေးသား၍၊ ပုဒ်မ ၁၁ အရခန့် ထားခြင်းခံရသော အရာရှိတဦးဦးအား၊ ထိုပိုင်ရှင်၏စာရင်း အင်း၊ သို့တည်းမဟုတ် ငွေစာရင်းစာအုပ်၊ သို့တည်းမဟုတ် စာမှတ် စာတမ်း လိုအပ်သမျှကို သိမ်းယူရမည်ဟုညွှန်ကြား

နိုင်သည့်ပြင်၊ ထိုသို့သိမ်းယူသောစာရင်းအင်းကို၊သို့တည်းမဟုတ် ငွေစာရင်းစာအုပ်ကို၊ သို့တည်းမဟုတ် စာမှတ်စာတမ်းကို စစ်ဆေးရန်အလို့ငှါသော်၎င်း၊ တရားစွဲဆိုရန်အလို့ငှါသော်၎င်း၊ လိုအပ်သည့်ကာလအပိုင်းအခြားအတွင်းသာလျှင် ဆက်လက်သိမ်းယူထားစေရမည်။''

(ဝ) ရှိရင်းပုဒ်မခွဲ (၂) နှင့် (၃) ကို ပုဒ်မခွဲ (၃) နှင့် (၄) အဖြစ်ဖြင့် ပြန်လည်အမှတ်စဉ်ရမည်။

(ဿ) ထိုသို့ပြန်လည်အမှတ်စဉ်ထားသည့် ပုဒ်မခွဲ (၃) တွင်အောက်ပါခြွင်းချက်ကို ထည့်သွင်းရမည်။

''ခြွင်းချက်။ ။သို့ရာတွင်—

(၁) ပဌမ အကြိမ်ကျူးလွန်သည့်ပြစ်မှုဖြစ်လျှင်၊ အဆိုဝါထောင်ဒဏ်သည်၊ တလအောက် မနည်းစေရ။ ငွေဒဏ်သည်၊ ကျပ်တရာအောက်မနည်းစေရ။

(၂) ဒုတိယ အကြိမ်ကျူးလွန်သည့် ပြစ်မှုဖြစ်လျှင်၊ အဆိုပါထောင်ဒဏ်သည်၊ နှစ်လအောက်မနည်းစေရ။ ငွေဒဏ်သည်၊ ကျပ်နှစ်ရာအောက်မနည်းစေရ။

(၃) တတိယအကြိမ် ကျူးလွန်သည့် ပြစ်မှုဖြစ်လျှင်၊ အဆိုပါထောင်ဒဏ်သည်၊ လေးလအောက်မနည်းစေရ။ ငွေဒဏ်သည်၊ ကျပ်လေးရာအောက်မနည်းစေရ။

(၄) စတုတ္ထအကြိမ်ကျူးလွန်သည့်ပြစ်မှုဖြစ်လျှင်၊အဆိုပါထောင်ဒဏ်သည်၊ ရှစ်လအောက်မနည်းစေရ။ ငွေဒဏ်သည်၊ ကျပ်ရှစ်ရာအောက်မနည်းစေရ။

(၅) ပဉ္စမအကြိမ်၊သို့တည်းမဟုတ် နောက်အကြိမ် ကျူးလွန်သည့်ပြစ်မှုဖြစ်လျှင်၊ အဆိုဝါထောင်ဒဏ်သည်၊ တနှစ်အောက် မနည်းစေရ။ ငွေဒဏ်သည်၊ ကျပ်တထောင်အောက်မနည်းစေရ။''

ပ၊မ၊ဗ၊စ၊—အမှတ် ၅၃၊ တရားရေး၊ ၁၀-၁၂-၅၃—၂,၀၀၀—၂။